ရှမ္မတွင်းကျေးရွာ

ထားဝယ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရှမ္မတွင်းကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၂ |
| | **ရှမ္မတွင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၄ |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| **၆။** | **ပညာရေး** | ၁၀ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၂ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရှမ္မတွင်းကျေးရွာ
ထားဝယ်မြို့နယ်

# ရှမ္မတွင်းကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျေးရွာသည် ထားဝယ် ၊ မြိတ်ကားလမ်းပေါ်မှ သုံးမိုင်အကွာ ဒေသအတွင်းထင်ရှားသည့် စပါးတောင်ပတ် ကားလမ်းပေါ်တွင် တည်ရှိ၍ အုပ်ချုပ်ရေးရုံးစိုက်ရာ ထားဝယ်မြို့နှင့် လေးမိုင်ခန့် အကွာတွင် တည်ရှိပါသည်။ သွားလာရ လွယ်ကူချောမွေ့ပါသည်။ ကျေးရွာသည် စပါးတောင်တန်းနှင့် မောက်ကြီးတောင်တန်းအကြားတွင် တည်ရှိပြီး ကျေးရွာမှာ မြေပြန့်ဖြစ်၍ တောတန်းများနှင့် လှပ သာယာသော ရွာလေးတစ်ရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအသင့်အတင့်ကောင်းမွန်သည်ဟုဆိုနိုင်သည်။ ကျေးရွာအနီးတွင် တောတောင်၊ ချောင်းမြောင်းများရှိသော်လည်း ရွာတည်နေရာမြေပြင်မှာ မြေပြန့်ဖြစ်သည်။ အဓိက အသက်မွေး ဝမ်းကြောင်းလုပ်ငန်းများမှာ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင် ကြသည်။ စိုက်ပျိုးမြေအများစုကိုရာဘာ၊ ကွမ်းသီးစသောစက်မှုကုန်ကြမ်းသီးနှံများကို သာမက အခြား စားပင် ၊ သီးပင်တို့ကိုလည်း အဓိကအားထား လုပ်ကိုင်စိုက်ပျိုးကြသည်။ မုန်တိုင်း ဝင်ရောက်ခြင်း၊ မြေပြိုခြင်းနှင့် ငလျှင်လှုပ်ခြင်းစသော သဘာဝဘေးအန္တရာယ် ဆိုးဆိုးရွားရွား ကြုံရသည့် ကိစ္စရပ်များတခါမျှ မခံစားခဲ့ရသော်လည်း ရေကြီးသည့်ဒဏ်ကို မိုးရာသီ၌ ကျေးရွာ၏ သုံးပုံတစ်ပုံခန့်မှာ လချီ၍ ခံစားနေကြရသည်။

လယ်ယာမြေအသင့်အတင့်ရှိကြပြီး အများစုမှာ ဥယျာဉ်ခြံမြေများ ဖြစ်၍ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ စိုက်ပျိုးရေး လုပ်ငန်းများမှာ သဘာဝ မိုးရေကိုသာ အားထားစိုက်ပျိုးကြ်ပြီး လက်ငင်ရေတွင်းများမှ ရေကို အသုံးပြုသူများလည်း ရှိပါသည်။ မြေအောက်ရေအသုံးပြုသူနည်းပါသည်။ ဥယျာဉ်ခြံမြေ စိုက်ပျိုး ထားသည့် ဧကမှာ (၂၃၈.၅) ၊ နှစ်ရှည်ပင် ဧကမှာ (၈၂၈) ဖြစ်ပြီး လယ်မြေ ဧကမှာ (၉၉.၄) ဧက ရှိပါသည်။ နှစ်ရှည်ပင်စိုက်ပျိုးမှုမှာ အများဆုံး ဖြစ်ပြီး ရာဘာကို အားထား စိုက်ပျိုးကြသည်။ သာဘာဝတိရစ္ဆာန် မျိုးစိတ်များကို အသင့်အတင့် တွေ့ရှိနိုင်ပါသေးသည်။ နွားစာနှင့် ဆေးဘက်ဝင် အပင် များမှာ အနည်းငယ်တွေ့ရှိရပါသည်။ သို့ရာတွင် ဆေးဘက်ဝင်ပင်များကို အသုံးပြုသူနည်းပါး ပါသည်။ အကြောင်းအရင်းမှာ အဆင်သင့်ဖော်စပ်ပြီးသော ဆေးများကိုသာ အသုံးပြုမှုများ ခြင်းကြောင့် ဖြစ်သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၈) ဖွဲ့၊ နှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁) ဖွဲ့၊စီးပွားရေးဆိုင်ရာအဖွဲ့ (၂)ဖွဲ့ ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေး ဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များမှာ လှုပ်ရှား ဆောင်ရွက်မှု အားနည်းသည်။ ဂေါပကအဖွဲ့မှာ ရပ်ဖများဖြင့် ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး နာရေးနှင့် ဘာသာရေးပွဲတော်များ၊ ဘုန်းတော်ကြီးကျောင်း ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးနိုင်ရန်

ဦးဆောင်သည်။ လူပျို၊ အပျို အဖွဲ့မှာ ကျေးရွာရှိ လူငယ်များဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာရေး၊နာရေး နှင့် ဘာသာရေးကိစ္စများ အားလုံးတွင် ချက်ပြုတ်ပေးခြင်း၊ ဧည့်ခံပေးခြင်းနှင့် ဝေယျာဝစ္စအားလုံးကို အစမှ အဆုံးထိ တက်ကြွစွာပါဝင်ဆောင်ရွက်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ နာရေးကူညီမှု အသင်းမှလည်း နာရေးကိစ္စရပ်များတွင် လူအင်အား၊ ငွေအင်အားဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်နေသော အဖွဲ့ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးအဖွဲ့များလည်း ဖွဲ့စည်းထားပြီး ကျေးရာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဦးစီး ဆောင်ရွက်မှုများ ရှိပါသည်။

မြစိမ်းရောင် လည်ပတ်ရံပုံငွေနှင့် သမဝါ ယမ စသော ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့များ ရှိခြင်းကြောင့် အတိုးနှုန်းသက်သာသော ချေးငွေများကို လက်လှမ်းမှီမှု အတော်အသင့်ရှိသည်။ မိဘဆရာ အသင်းမှာ ဆရာမများနှင့် ရွာ၏ ရပ်မိရပ်ဖ များဖြင့် ဖွဲ့စည်းထားပါသည်။ ကျောင်း၏ ကိစ္စအဝဝနှင့် လိုအပ်ချက်များကို လုပ်ဆောင်ကြသူ များဖြစ်ကြသည်။ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့များမှာ ပြင်ပမှ လာရောက်ကူညီသော အဖွဲ့များ ဖြစ်ကြပြီး ကျေးရွာ၏ ကလေးနှင့်မိခင်များကို အလေးပေးကူညီထောက်ပံ့ပေးနေသော အဖွဲ့များ ဖြစ်ကြသည်။ သို့ရာတွင် ပိုမိုထိရောက်စွာ ပံ့ပိုးကူညီနိုင်ရန်မှု ရန်ပုံငွေ နှင့် တိကျသော ရည်မှန်းချက်များ ရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများသည် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ခြင်း အသိပညာနှင့် ငှက်ဖျား၊တီဘီနှင့်ပတ်သက်သော အသိပညာများကို ပေးဝေခြင်း တို့ကို လုပ်ဆောင်နေပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင် ပါ က ဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရာဘာပင်ကို အဓိကထားစိုက်ပျိုးကြပြီး စက်တင်ဘာမှ ဧပြီလအထိ ရာဘာအစေးခြစ်ကြသည်။ တစ်ဧက အထွက်နှုန်းမှာ ပေါင် ၁၈၀၀ ခန့် ရှိကြသည်။ မျိုးကောင်းမျိုးသန့် ရာဘာပင်များမှာ တစ်ဧကလျှင် ပေါင် ၂၁၀၀ ခန့်ထွက်ရှိပါသည်။ မြေဆီလွှာ ၊ ရေစိုထိုင်းဆနှင့် ရာသီဥတုပြောင်းလဲမှု အပေါ်မူတည်၍ လည်း ထွက်ရှိထုတ်လုပ်မှုနှုန်း အပြောင်းအလဲရှိသည်။ တခြားစိုက်ပျိုးသည့်သီးနှံများမှာ ကွမ်းသီး၊ ဒူးရင်း၊ မင်းကွတ်၊ ပိန္နဲ နှင့် ကွမ်းရွက်ပင်တို့ ဖြစ်ကြသည်။

ကျေးရွာတွင် လယ်မြေ ဧက (၁၀၀) ခန့်ရှိသော်လည်း စိုက်ပျိုးနိုင်ခြင်းမရှိချေ။ အကြောင်းမှာ ကျေးရွာအတွင်းရှိ လယ်မြေများသည် မိုးတွင်းကာလတွင် ရေနစ်ကွင်း အသွင်ပြောင်းလဲသွားခြင်း ကြောင့်ဖြစ်သည်။ ကျေးရွာသူ/ရွာသားများမှာ ကျေးရွာနှင့် အလှမ်းဝေးသော နေရာများတွင် စပါး စိုက်ပျိုးရန် အဆင်ပြေသော မြေများကို ဝယ်ယူ၍ စိုက်ပျိုးကြသည်။ သီးနှံထွက်ရှိမှု အခြေအနေမှာ

ပျမ်းမျှ ၁၈ဧက လျှင်(၅၅) တင်းခန့် ထွက်ရှိပါသည်။ ထိုသို့ စပါးအထွက်နှုန်းနည်းပါးရခြင်းမှာ ရာသီဥတု မမှန်ခြင်း၊ စိုက်ပျိုးသည့်မျိုးစပါး မကောင်းခြင်း၊ နည်းစနစ်မမှန်ခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်နည်းနှင့် သုံးစွဲနည်းမသိရှိခြင်း၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနိုင်မှုမသိရှိခြင်း တို့ကြောင့် ဖြစ်သည်။ လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ သတင်းအချက်အလက်များကို ရရှိရန် လွယ်ကူသောကြောင့် ဈေးနှိမ်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း တို့မရှိပါ။ ထိရောက်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပံ့ပိုးမှုများရရှိရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်မှု ရှိသော်လည်း ဝန်ထမ်းအင်အားနှင့် ဘက်ဂျက် အင်အားနည်းပါးသဖြင့် ထိရောက်စွာ သင်တန်းပေးနိုင်ခြင်း မရှိသေးပါ။ ထို့အပြင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ရှိသော်လည်း စိုက်ပျိုးရေးအတွက် လုံလောက်သော ရင်းနှီးငွေပမာဏ ထုတ်ချေးနိုင်ခြင်း မရှိပါ။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တရွာလုံး၏ ၇% သာမွေးမြူကြောင်း တွေ့ရှိရသည်။ ဒေသတွင်း အများဆုံး နွားကို မွေးမြူကြသည်။ နွားမများကို နို့စားရန်အတွက် နှင့် ဈေးကွက်ကို ပို့ဆောင်နိုင်ရန် သော်လည်းကောင်း၊ ဒေသမျိုးရင်းနွားထီးများကို အသားထုတ်လုပ်နိုင်ရန် မွေးမြူကြသည်။ ကျေးရွာအတွင်းတွင် အသားတိုးကြက် မွေးမြူရေးလုပ်ငန်း တစ်ခုနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း တစ်ခုရှိသည်။ ဆိတ်၊ဘဲ စသည်တို့ကိုလည်း တနိုင်တပိုင် မွေးမြူသည့် အိမ်ထောင်စုများကိုလည်း တွေ့ရှိရသည်။

ကြက်လည်လိမ်ရောဂါမှာ ဖြစ်ပွားမှုနှုန်း မြင့်မားပြီး ဆုံးရှုံးမှုနှုန်း မြင့်မားသည်။ တိရစ္ဆာန်များနှင့် ပတ်သက်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာများ ရရှိနိုင်သော် လည်း ဝန်ထမ်းလုံလောက်မှုမရှိ၍ လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။

ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရန် ရေရရှိမှု အသင့်အတင့် ရှိခြင်း၊ ချေးငွေနှင့် မျိုးတိရစ္ဆာန်ကို လက်လှမ်းမီခြင်း ၊ ဈေးကွက် ကို လက်လှမ်းမီခြင်း တို့ကြောင့် စီးပွားဖြစ်မွေးမြူရန် သင့်လျော်ပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် လုံလောက်သော ချေးငွေပမာဏ၊ နည်းပညာ သင်တန်းများ ရရှိပါ က ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းမှာ စီးပွားဖြစ် လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်လာ နိုင်ပါသည်။ ယခု အချိန်တွင် ငါး/ပုစွန် မွေးမြူမှု များမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းများမရှိပါ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသော အမျိုးအမည်မသိသည့်လုပ်ငန်းများ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ချေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။

လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်ပေါ်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။

ရော်ဘာ အစေးခြစ်သည့် လုပ်ငန်းလုပ်ကိုင်သူများမှာ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်သည်ဟု ယူဆရပေမည်။ လက်သမား၊ပန်းရံ၊ ဆံပင်ညှပ်၊ တနိုင်တပိုင် မွေးမြူရေး၊ လက်လီလက်ကား အရောင်းအဝယ် စသော အလုပ်အကိုင်များလည်း လုပ်ကိုင်ကြသည်။ ပြည်သူ့ဝန်ထမ်း၊ ပညာရေးဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်း စသည့် အမှုထမ်းများမှာ ဝင်ငွေ အနေအထားအသင့်အတင့်ကောင်းမွန်ပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်သည်။ ထားဝယ်မြို့နှင့် နီးကပ်စွာတည်ရှိသဖြင့် အသက်မွေးဝမ်းကြောင်း သင်တန်းတချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ကားဝပ်ရှော့ စသည့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို တက်ရောက် သင်ကြားနိုင်ကြသော်လည်း အဆိုပါသင်တန်းများနှင့် ထိတွေ့မှု အားနည်းပါသည်။ ကျွမ်းကျင်မှုအားနည်း၍ သင်တန်းစရိတ်မတတ်နိုင်ခြင်း၊ လုပ်ငန်းထူထောင်ရန် ငွေကြေးအရင်းအနှီးမရှိခြင်း တို့ကြောင့် စီးပွားဖြစ် လုပ်ကိုင်နိုင်ခြင်း မရှိချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ် သင်ကြားကြသည်။ စီးပွားရေး အခွင့်အလမ်းပိုမို အားကောင်းလာရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပုံမှန်ရရှိနိုင်ရန် ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကြောင်း သင်တန်းများပေးခြင်း၊ ဈေးကွက်သဘောတရားဆိုင်ရာသင်တန်းပေးခြင်း နှင့် ဈေးကွက်ဖြင့်ချိတ်ဆက်ပေးခြင်းတို့ကို အချိန်ယူ၍ လုပ်ဆောင်ပေးသင့်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာ စိုက်ပျိုးရေးဘဏ် မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်းမှာ ၀.၄၂ ကျပ် ဖြစ်သည်။ တစ်ဧကလျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧက အတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ဖွဲ့အားမာန် သမဝါယမအဖွဲ့၊ မြစိမ်းရောင်အဖွဲ့စသည့် ချေးငွေဝန်ဆောင်မှု ပေးသောအဖွဲ့များရှိသည်။ သမဝါယမအဖွဲ့ချေးငွေမှာ ကန့်သတ်ချက်များရှိ၍ အတိုးနှုန်းမှာ တစ်ကျပ်ခွဲဖြစ်ပြီး ချေးငွေကာလမှာ ၆ လဖြစ်သည်။

မြစိမ်းရောင် ချေးငွေမှာ လိုအပ်သလိုထုတ်ချေးနိုင်ခြင်းမရှိသော်လည်း လုပ်ငန်းအမျိုးအစား၊ အသင်းသား ဦးရေနှင့် ပြန်လည်ရရှိနိုင်မှု၊ အမြတ်အစွန်း စသည့် အချက်များပေါ်တွင် အခြေခံကာ လုပ်ငန်း တစ်ခုလုံးတန်ဖိုး၏ ၃၀% မှ ၅၀% အထိထုတ်ချေးခြင်းကြောင့် အတိုးအတာတစ်ခုအထိ အကျိုးပြုနေကြောင်း တွေ့ရှိရသည်။ အတိုးနှုန်း မှာ တစ်လလျှင် ၁% နှုန်းဖြစ်၍ များစွာသက်သာ အကျိုးရှိစေပါသည်။

ကျေးရွာသူ/ရွာသား အများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာ ဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ အားလုံးသည် အကြွေးယူ ထားကြပြီး အကြွေးငွေ ၄၀,၀၀၀ ကျပ်မှ ၇၅၀,၀၀၀ကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းရှိ လမ်းများမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီ များကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးကို အသုံးပြုခြင်းမရှိပါ။ ကျေးရွာတွင် ကွန်ကရစ်တံတား ၄ စင်းနှင့် သစ်သား တံတား (၁)စင်းရှိပါသည်။ သစ်သားတံတားမှာ အရေးပေါ် ပြုပြင်ရန် လိုအပ်နေပါသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၃၂၂) စီးနှင့် စက်ဘီး(၁၄၈) စီး၊ ထွေလာဂျီ ၁၀ စီးနှင့် ကား ၁၁ စီး တို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာတွင် အခြေခံအဆောက်အဦ လိုအပ်မှုများစွာရှိပါသည်။ ရွာတွင်းလမ်းများ ကွန်ကရစ် ခင်းခြင်း၊ ရွာချင်းဆက်လမ်းများ ပြုပြင်ခြင်း၊ တံတားနှင့် ရေပြွန်များ တည်ဆောက်/မွမ်းမံ ပေးခြင်း တို့ပင် ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် စပါးတောင် ပတ်လမ်းမကြီးကို နိုင်ငံတော်အစိုးရမှ ကတ္တရာလမ်းခင်းပေး ခဲ့ပါသည်။ သို့ရာတွင် အပြည့်အဝ ကတ္တရာ ခင်းနိုင်ခြင်းမရှိသေးပါ။ လမ်းမကြီး၏ပေ ၂၀၀၀ ခန့်မှာ ကတ္တရာခင်းရန် လိုအပ်နေပါသေးသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၄ ခုနှစ်မှ စ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ ၇၇% မှာ သွယ်တန်းအသုံးပြုနေကြပြီ ဖြစ်သည်။ ကျေးရွာတွင်မိုဘိုင်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များကို ချိတ်ဆက် အသုံးပြုနိုင်သည်။ သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုနိုင်ကြပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ရှမ္မတွင်းကျေးရွာသည် ထားဝယ်မြို့နှင့်နီး၍ ဆက်သွယ်ရေးအတော်အသင့်ကောင်းမွန်ပြီး လက်ကိုင်ဖုန်းသုံးစွဲသည့် အိမ်ထောင်စု အများအပြားရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့် များပြားပါသည်။

ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာတွင်းရှိမူလတန်းကျောင်း ၂ ကျောင်းနှင့် မူလွန် ကျောင်းတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ အဆင့်မြင့်ပညာ သင်ကြားနိုင်မှုမှာမူ ငွေကြေး မတတ်နိုင်သော အိမ်ထောင်စုများအတွက် အခက်အခဲရှိနေပါသည်။ အခြေခံပညာ မူလတန်း ပြီးဆုံးသူ အရေအတွက်မှာ ရွာ၏ (၅၂%) အထိရှိကာ တစ်ရွာလုံးလူဦးရေ၏ ထက်ဝက်ခန့်ပင် ဖြစ်သည်။ ဘွဲ့ရအရေအတွက်မှာ ၅၂ ဦး ရှိသဖြင့် အတန်အသင့် များပြားပါသည်။ အသက်မွေးဝမ်း ကျောင်းပညာကျွမ်းကျင်မှုမှာမူ နိမ့်ကျဆဲဖြစ်ပြီး လူငယ် ၊ လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြသည်။ ကလေးများ အနေဖြင့် အထူးသဖြင့် သက်ကြီးပိုင်းများတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ၊ နှင့်နှလုံးရောဂါ ဖြစ်ပွားမှုများပြီး အသက်အန္တရာယ်နှင့်ကြုံတွေ့ရသည်အထိရှိသည်။

ကျေးရွာသူ၊ရွာသားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်းပင် ရရှိနိုင်ပြီး မြို့နယ်ဆေးရုံ(ထားဝယ်)နှင့် ၄ မိုင်သာ ကွာဝေးသဖြင့် ကျန်းမာရေးအတွက် ဘေးကင်း လုံခြုံသော အခြေအနေတွင်ရှိပါသည်။ ဆေးဆိုင်များနှင့် ကာကွယ်ဆေး အစရှိသည့် အအေးခန်းနှင့် သိုလှောင်ထားသော ဆေးဝါးများကို လွယ်ကူစွာ ရရှိနိုင်သည်။ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ကာကွယ်ဆေးပုံမှန် ထိုးနှံမှုများ ရှိပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်နှင့် လက်ခပ်ရေတွင်း များရှိပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသည့်ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

ကျေးရွာ၏ ၉၀ % မှာ ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲနိုင်ကြပြီး ၁၀ % မှာ ကျင်းတက် အိမ်သာများကို သုံးစွဲနေကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ မြောက်ဘက် ပေါက်တိုင်းချောင်းမှာ တိမ်ကောလာပြီ ဖြစ်သဖြင့် နှစ်စဉ်ရေကြီး ရေလျှံမှုများကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာ၏ သုံးပုံတစ်ပုံခန့်မှာ နှစ်စဉ်ရေကြီးခြင်းကို ခံစားနေကြရသည်။ သဘာဝအတားအဆီးများဖြစ်သည့် တောင်တန်းများ ကာရံထားခြင်းကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမျိုးကို ကြုံတွေ့ရခြင်းမရှိပါ။ ကျေးရွာရှိ သစ်တောမှာ

ရာဘာပင်များတိုးချဲ့စိုက်ပျိုးမှုကြောင့် ပြုန်းတီးမှုမြင့်မားကြောင်း တွေ့ရှိရသည်။ နွေရာသီတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ များမှာ မြေအောက်ရေ ခမ်းခြောက်မှုများကြောင့် အနည်းငယ်ရှားပါး ပါသည်။ ဖျက်ပိုးများ ကျရောက်မှုရှိပြီး နှိမ်နင်းရန် စနစ်ကျသောနည်းပညာ မသိရှိခြင်းကြောင့် ရရှိထားသော သတင်းစကားဖြင့်ဖြစ်စေ၊ ကုမ္ပဏီများ၏ အညွှန်းဖြင့်ဖြစ်စေ ပိုးသတ်ဆေးသုံးစွဲမှု များခြင်းကြောင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများနှင့် မြေဆီလွှာ အရည်အသွေးညံ့ဖျင်း လာမည် ဖြစ်ပေသည်။ ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေပြင်တွင် ကွင်းဆင်းလေ့လာမှု များပြုလုပ်ပြီး သင့်လျော်သောနည်းပညာသင်တန်းများ ပေးသင့်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု တွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

သဘာဝပတ်ဝန်းကျင် အနေအထားမှာ ယခုအခါတွင် သစ်တောပြုန်းတီးမှုမှာ သိသိသာသာ မြင့်မားလာပြီး ရေအရင်းအမြစ်များမှာလည်း လျော့နည်းလာသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ မကြာခဏ ကျင်းပပြုလုပ် ပေးသင့်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ ခွဲခြားမှုမရှိပါ။ အထူးသဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှုများပြားပါသည်။ ကျေးရွာတွင် အိမ်တွင်း အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံခံရခြင်း တို့ မရှိပါ။ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိအမြင် ဗဟုသုတများကို အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း များမှ ပို့ချပေးသဖြင့် ကျေးရွာလူထုမှ နားလည်သဘောပေါက်မှု ရှိပါသည်။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများတွင် မိန်းကလေးအရေအတွက်နှင့် ယောကျာ်းလေး အရေအတွက်သည် အချိုးတူသည်ဟု ပြောနိုင်ပါသည်။ သို့ရာတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက် ၄၂% အထိပိုများနေပြီး မူလတန်းပညာပြီးဆုံးသူ ဦးရေမှာမူ အမျိုးသမီးဦးရေသည် အမျိုးသားထက် ၁၇% သည်လည်းကောင်း၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ ဦးရေတွင် ၃၄ %သည် လည်းကောင်း ပိုမိုများပြားနေသည်ကို တွေ့ရှိရသည်။ ယခင်နယ်မြေ အေးချမ်းမှု မရှိစဉ်က အမျိုးသားများ၏ ပညာသင်ခွင့်မှာပိုမို များပြားသော် လည်း ယခုအချိန်တွင် အမျိုးသမီး များပညာသင်ကြားခွင့် ပိုမိုများပြားနေကြောင်း တွေ့ရှိရသည်။ အကြောင်းမှာ အမျိုးသား အများစုသည် အရွယ်ရောက်သည့်အချိန်တွင် ပြည်ပသို့ရွှေ့ပြောင်းလုပ်ကိုင်လိုစိတ် များလွန်းခြင်းနှင့် မိဘများ၏ သားသမီးအပေါ်တွင် မျှော်လင့်ချက်တို့ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ပညာရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် ကျား/မ တန်းတူညီမျှခြင်းဆိုင်ရာ သဘောတရားများကို သင်တန်းပေးသင့် ပါသည်။

အိမ်ထောင်စုပေါင်း (၃၁၁) စုနှင့် ကျား(၉၆၁)၊ မ(၉၈၅)ဦးဖြင့် လူဦးရေပေါင်း (၁၉၄၆)ဦး ရှိကာတစ်အိမ်ထောင်လျှင် ပျမ်းမျှ(၆.၂၅)ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦး ထက် များပြားနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၆.၃၉%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ် နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁.၉၃ % မျှ နည်းပါးပါသည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီ သော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အထူးသဖြင့် ကျားမတန်းတူအခွင့်အရေး ရရှိမှု အသိအမြင်များ တိုးပွားလာစေရန် ကျား၊မ ရေးရာဆိုင်ရာ အမြင်ဖွင့်ဆွေးနွေးပွဲများကို ထိရောက်စွာ ပေးခြင်းဖြင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိလာပြီး စီးပွားရေး၊ လူမှုရေး ၊ ပညာရေး ကဏ္ဍအသီးအသီးတို့အတွက် များစွာ တိုးတက်ဖွံ့ဖြိုး လာနိုင်ပေသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်သည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - တလိုင်းတောင် | | | ကျေးရွာအမည် - တလိုင်းတောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | ကျောင်းအဆောက်အဦ | စာသင်ကျောင်းဆောင်အသစ်ဆောက်ခြင်း | |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ | ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၃ | ပညာရေး | သက်မွေးပညာ | သက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၆၀၀'x ၁၂'x ၆") | |
| ၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | အဝီစိတွင်းတူးခြင်း၊ ရေစုကန်ပြုလုပ်ခြင်း | |
| ၆ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများပေးခြင်း | |
| ၇ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်းရရှိခြင်း | |
| ၈ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်း မြေညှိခြင်း | |
| ၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာပေဟောပြောပွဲများကျင်းပပေးခြင်း | |

နောက်ဆက်တွဲ (၁)

# ရှမ္မတွင်းကျေးရွာ၊ ရှမ္မတွင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးနေလင်း | ဦးထွန်းလင်း | ၆/ထဝန(နိုင်) ၀၄၃၀၁၂ | ၅၅ | ဥက္ကဋ္ဌ | |
| ၂ | ဦးဘင်ဂျမင် | ဦးထွန်းကြိုင် | ၆/ထဝန(နိုင်) ၀၄၂၉၆၆ | ၅၂ | အတွင်းရေးမှူး | |
| ၃ | ဒေါ်အေးစန်း | ဦးနီ | ၆/ထဝန(နိုင်) ၀၉၄၁၄၇ | ၅၆ | စာရင်းကိုင် | |
| ၄ | ဦးညီညီ | ဦးထွန်းဖေ | ၆/ထဝန(နိုင်) ၁၁၄၁၈၂ | ၆၂ | ဘဏ္ဍာရေးမှူး | |
| ၅ | ဦးသိန်းဝင်း | ဦးခင်ရွှေ | ၆/ထဝန(နိုင်) ၀၄၂၉၈၄ | ၅၈ | စာရင်းစစ် | |
| ၆ | ဦးကျော်ညွန့် | ဦးထွန်းငွေ | ၆/ထဝန(နိုင်) ၀၄၂၉၈၈ | ၅၀ | အဖွဲ့ဝင် | |
| ၇ | ဦးမောင်သိန်း | ဦးစံရွှေ | ၆/ထဝန(နိုင်) ၀၄၂၉၉၈ | ၄၉ | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၄ | ၁၃ | ၂၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၆ | ၇၃ | ၁၄၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၇ | ၇၁ | ၁၃၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၉၃ | ၉၁ | ၁၈၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၅၂ | ၆၄၀ | ၁၂၉၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅၉ | ၉၇ | ၁၅၆ |
| **စုစုပေါင်း** | | **၉၆၁** | **၉၈၅** | **၁၉၄၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၁၁** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရှမ္ဗတွင်းကျေးရွာတွင် အိမ်ထောင်စု (၃၁၁) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၉၄၆) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၂၆) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၆% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၄% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၂၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၇ | ၂၀၅ | ၂၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၈ | ၉ | ၄၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | ၇ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၄ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၇ | ၄၁ | ၈ | မြင့် ☑ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၉ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၇ | ၁၁၆ | ၄၄၄ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၃၀၉ | ၄၂၅ | ၅၄၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တခြားအလုပ်လုပ်နိုင်သော အရွယ်ကောင်းများစုမှာ ထိုင်း၊ မလေးရှားနိုင်ငံစသော အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်မည်ထင်ရသော နိုင်ငံများတွင် ကျပန်းလုပ်သားများဖြင့် သွားရောက်လုပ်ကိုင်နေကြရသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူအများစုမှာ ရာဘာပင်ကို စိုက်ပျိုးကြပြီး ရာဘာအစေးလှီးလုပ်ငန်းကို မိသားစုအလိုက် လုပ်ကိုင်ကြသည်က များသည်။ လယ်ယာလုပ်ကိုင်သူလည်း ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့်အိမ်ထောင်စုပေါင်း မှာ (၁၅၇)စုရှိသည်။ လက်လီ၊ လက်ကား အရောင်းအဝယ်လုပ်ကိုင်သူများ လည်းရှိသည်။ လက်သမား၊ ပန်းရံ၊ ဆံပင်ညှပ်၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးစသောလုပ်ကိုင်များလည်းရှိသေးသည်။ ရာဘာအစေးလှီး လုပ်ငန်း လုပ်ကိုင်သူအများစုမှာ မိုးတွင်းအစေးလှီးလုပ်ငန်း မလုပ်ကိုင်နိုင်ခင် တခြားလုပ်ငန်း ပြောင်းလဲလုပ်ကိုင်နိုင်သော အခွင့်အလမ်းများလည်းရှိသည်။ ကျေးရွာအတွင်း အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့်ရှိသည်ဟု ယူဆရသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၈၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။နေ့စား လုပ်အားခများမှာ ကျား-မ ညီမျှမှု မရှိပါ။ ထုတ်ကုန် အလွန်နည်းပါး၍ အများအားဖြင့် လယ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်း နေ့စားသမားများသာ များကြပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၉.၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၀၆၇.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။**  ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။**  ။ ရှမ္ဗတွင်းကျေးရွာတွင် စိုက်ပျိုးမြေမှာ အသင့်အတင့် ရှိသော်လည်း မိုးရေကိုသာ အားထားစိုက်ပျိုးရသဖြင့် စိုက်ပျိုးမြေအား အပြည့်အဝ အသုံးချမှု နည်းနေပါသည်။ အများစုမှာ နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြပါသည်။ ရွာပိုင်လယ်မြေအားလုံးသည် နွေရာသီတွင် ရေမရှိ၍ မလုပ်နိုင်၊ မိုးရာသီတွင်လည်း ရေနစ်ကွင်းများဖြင့် ပြောင်းလဲသွားသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။**  ။ ရှမ္ဗတွင်းကျေးရွာတွင် ရေနံ၊ ဓါတ်ငွေ့များ မတွေ့ရှိရပေ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ အတွေ့ရ နည်းလှသည်။ သဘာဝအပင်မျိုးစေ့များ အသင့်အတင့် ရှိသေးသည်။ နွားစာ မြက် ရှားပါးမှုကြောင့် မွေးမြူရေးလုပ်သူများ ရွာနှင့်အလှမ်းဝေးသော နေရာမှ မြက်များကို သွားရောက်ရိတ်သိမ်းကြရသည်ကို တွေ့ရှိရသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင့်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၉၉ | ၁၄၉ | ၃၉ | ၂၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရှမ္မတွင်းကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ ဓနဥစ္စာအရ အဆင့်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများပါသည်။ မြေပိုင်ဆိုင်မှုမှာ များနေသော်လည်း အခုမှ စတင်တည်ထောင်သော အိမ်ထောင်စုများနေကြောင်း တွေ့ရှိရသည်။

## (င) ထိခိုက်လွယ်မှု

## (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၁___<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၉ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______ |

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | ချေးယူ = ၅<br>လုပ်အားခကြိုယူ = ၄ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၉ | အခြားအစာပြောင်းလဲစား = <br>အစာလျှော့စား = <br>အထောက်အပံ့ယူ = <br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၃ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရှမ္မတွင်းကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ဥယျာဉ်၊ ရာဘာနှင့် ကျပန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ ချေးငွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေဖြင့် စားနပ်စရိတ်ဖူလုံရန် ဖြေရှင်းနေကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၆ | ၇ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရှမ္မတွင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော အိမ်ထောင်စု နည်းပါးပါသည်။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | လေျှင် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရှမ္ဘတွင်းကျေးရွာတွင် စိုက်ပျိုးမြေ အထိုက်အလျောက်ရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများခြင်းစသည့်အကြောင်းတရာများကြောင့် စားနပ်ရိက္ခာမဖူလုံမှု ကိစ္စရပ်များ မတွေ့ရပေ။သဘာဝထိခိုက်သက်ရောက်မှုများအနက်မှ ရေကြီးခြင်းပြဿနာကို ဆိုးဆိုးဝါးဝါးမဟုတ်သည့်တိုင် နှစ်စဉ်နှစ်တိုင်းခံစားနေကြရသည်။ မိုးခေါင်ခြင်း၊အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊လေျှင်၊ဆားငန်ရေဝင်မြေ စသည့်ပြဿနာများ မတွေ့ကြုံရပေ။ မြေဆီလွှာဆိုးဝါးပျက်စီးမှုမရှိ။ တောရိုင်းပင်များခုတ်ထွင်ပြီး နှစ်ရှည်ရာဘာပင်စိုက်ပျိုးမှုကြောင့် တောပြုန်းတီးမှုရှိသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

